## သစ်တောနယ်မြေ(ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော)များအတွင်း လမ်းခင်းကျောက်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

**သစ်တောနယ်မြေအတွင်း လမ်းခင်းကျောက်ထုတ်လုပ်ခွင့်ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့် ဌာန၊ အဖွဲ့အစည်းများ**

၁။ သစ်တောနယ်မြေအတွင်းမှ လမ်းခင်းကျောက်များ စည်းမျဉ်းစည်းကမ်း/လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဌာနများဖြစ်သည့် လမ်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တို့နှင့် ပူးပေါင်းဆက်စပ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**သစ်တောနယ်မြေအတွင်း လမ်းခင်းကျောက်ထုတ်လုပ်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များ**

၁။ လမ်းခင်းကျောက်အသုံးပြုမည့် ဦးစီးဌာနများ (သို့မဟုတ်)အဆိုပါဦးစီးဌာနများ၏ တင်ဒါအောင်မြင်ပြီး ကျောက်ထုတ်လုပ်ခွင့် ရရှိထားသည့် ကုမ္ပဏီ/လုပ်ငန်းရှင်တို့မှ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့ သစ်တောနယ်မြေအတွင်းမှ လမ်းခင်းကျောက် ထုတ်လုပ်ခွင့်ရရှိရန်အတွက် လျှောက်လွှာတွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ထုတ်ယူလိုသည့် မြို့နယ်၊ ကြိုးဝိုင်း၊ အကွက်အမှတ်

(ခ) ထုတ်ယူလိုသည့်ပမာဏတို့ကို ထည့်သွင်းဖော်ပြရန်

၂။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ညွှန်ကြားချက်အရ သစ်တောနယ်မြေအတွင်း မှ လမ်းခင်းကျောက်ထုတ်လုပ်မှု လျှောက်ထားမှုအပေါ် သက်ဆိုင်ရာ သစ်တောဦးစီးဌာနမှ သစ်တောနယ်မြေများအတွင်း ထုတ်လုပ်ခွင့်ပြုပေး

နိုင်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးမည့် အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သဘာဝတောနှင့်သစ်တောသစ်ပင်ပေါက်ရောက်မှုအခြေအနေ၊

(ခ) သစ်တောစိုက်ခင်းနှင့်သစ်ထုတ်ဧရိယာများအတွင်း ပါဝင်မှုရှိ/မရှိ

(ဂ) သဘာဝပတ်ဝန်းကျင်နှင့်ရေဝေရေလဲထိန်းသိမ်းမှုအခြေအနေ

(ဃ) လမ်းခင်းကျောက်ထုတ်လုပ်မည့် နည်းစနစ်စစ်ဆေးခြင်း၊ (ဥပမာ- မိုင်းခွဲ၍ ကျောက်ထုတ်လုပ်ခြင်းအား လုံးဝခွင့်မပြုပါ)

(င) ကျောက်ထုတ်လုပ်ရရှိနိုင်မှုနှင့်ထုတ်လုပ်နိုင်မည့်အခြေအနေများ ရှိ/မရှိ တို့ကို ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပါသည်။

၃။ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနမှ ခရိုင်/မြို့နယ်များသို့ သစ်တောနယ်မြေအတွင်း ကျောက်ထုတ်လုပ်ရန် လျှောက်ထားသည့် မြေနေရာအား ကွင်းဆင်းစစ်ဆေးစေပြီး ကွင်းဆင်းစစ်ဆေး တင်ပြလာခြင်းအပေါ် သုံးသပ်စိစစ်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရန်၊

၄။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ သစ်တောဦးစီးဌာန၏ ကွင်းဆင်းစစ်ဆေးတင်ပြချက်များအပေါ် စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောထားမှတ်ချက် ချမှတ်ပေးရန်၊

၅။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရရှိပါက လမ်းခင်းကျောက်ထုတ်လုပ်မည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များ လမ်းခင်းကျောက် အသုံးပြုမည့် သက်ဆိုင်ရာဦးစီးဌာနတို့၏ ဝန်ကြီးဌာနမှ တစ်ဆင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လျှောက်ထားတင်ပြရာတွင် လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်ငန်းရှင်၏လျှောက်လွှာ

(ခ) အသုံးပြုမည့်လမ်းအမည်နှင့်ခရီးမိုင်အကွာအဝေးဖော်ပြရန်။

(ဂ) ကျောက်၏ဒေသဈေးနှုန်းများဖော်ပြရန်၊

(ဃ) သက်ဆိုင်ရာဌာနမှ တင်ဒါအောင်မြင်ကြောင်းထောက်ခံစာ၊

(င) အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်စသည့် အထောက်အထားများပူးတွဲတင်ပြရန်၊

၆။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်တောဦးစီးဌာန ရုံးချုပ်မှ တစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးသို့ ကွင်းဆင်းစစ်ဆေးစေပြီး၊ ကွင်းဆင်း စစ်ဆေးတင်ပြချက်များအပေါ် ဦးစီးရုံးချုပ်မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဌာနသို့ တင်ပြ ခွင့်ပြုချက်ရယူရန်၊

၇။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာ ကုမ္ပဏီ၊ လုပ်ငန်းရှင်များ၏ ကတိဝန်ခံချက်များရယူ၍ လုပ်ငန်းအာမခံငွေ၊ အခွန်တော်ငွေများဌာန သို့ ပေးသွင်းစေပြီး တိုင်းဒေသကြီး/ပြည်နယ်သစ်တောဦးစီးဌာနတွင် စာချုပ်ချုပ်ဆိုရန်၊ (လုပ်ငန်း အာမခံငွေ- တစ်ကေလျှင် ၅၀၀၀၀/-)နှုန်း၊ အခွန်ငွေ -ဒေသ ပေါက်ဈေးနှုန်း၏ (၂၅%)

၈။ စာချုပ်ချုပ်ဆိုပြီးပါက လမ်းခင်းကျောက် ထုတ်လုပ်ခွင့်ပြုချက်ရရှိသော ကုမ္ပဏီ/ လုပ်ငန်းရှင်များမှ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်။ (စာချုပ်နမူနာ၊ စာချုပ်ပါစည်းကမ်းများ ပူးတွဲ)

**ကြီးကြပ်စစ်ဆေးခြင်း**

ကျောက်ထုတ်လုပ်ခွင့်ရရှိပါက သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနမှ သတ်မှတ် နေရာတွင် ထုတ်လုပ်မှုရှိ/မရှိ၊ သတ်မှတ်အရေအတွက်ပမာဏအတိုင်း ထုတ်ယူမှုရှိ/မရှိ ရေမြေ သဘာဝထိန်းသိမ်းရေး စိုက်ခင်းတည်ထောင်မှု ရှိ/မရှိ၊ စိုက်ခင်းအောင်မြင်မှုရှိ /မရှိ၊ စာချုပ် စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မှုရှိ/မရှိ သတ်မှတ်ကာလထက် ကျော်လွန် ထုတ်လုပ်မှု မရှိစေရေးတို့အတွက် ကြီးကြပ်စစ်ဆေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။